経済産業省
Ministry of Economy, Trade and Industry

# ကုန်ထုတ်လုပ်ငန်းများတွင် အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ် လက်ခံခဲ့သည့် သာဓကများကို မိတ်ဆက်ခြင်း

## အပိုင်း ၂ ကုန်ထုတ်လုပ်ငန်းသုံး စက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းနယ်ပယ် / လျှပ်စစ်နှင့် အီလက်ထရောနစ်သတင်းအချက်အလက် ဆက်စပ်ထုတ်လုပ်ရေးလုပ်ငန်းနယ်ပယ်

၂၀၂၁ ခုနှစ် မတ်လ



## ကုန်ထုတ်လုပ်ငန်းသုံး စက်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းနယ်ပယ်

၁။ Osawa Industry Co., Ltd. (ဗီယက်နမ်မှ လက်ခံခြင်း)

## လျှပ်စစ်နှင့် အီလက်ထရောနစ် သတင်းအချက်အလက်ဆက်စပ်ထုတ်လုပ်ရေး လုပ်ငန်းနယ်ပယ်

၂။ Tottori Electronic Co., Ltd. (မြန်မာမှ လက်ခံခြင်း)

၃။ Fuchu Tempearl Co., Ltd. (ဗီယက်နမ်မှ လက်ခံခြင်း)

# Osawa Industry Co., Ltd.

- တည်နေရာ ： ချူးဘုဒေသ
  ဝန်ထမ်းအရေအတွက် ： ၃၃ဦး

နယ်ပယ်
ကုန်ထုတ်လုပ်ငန်းသုံး
စက်ပစ္စည်းထုတ်လုပ်ရေး

နိုင်ငံခြားသား လက်ခံမှု အခြေအနေ(၂၀၂၁ခုနှစ် မတ်လ လက်ရှိ) ： အထူးကျွမ်းကျင်လုပ်သား အမှတ်စဉ် ၁ ဗီယက်နမ်လူမျိုး ၄ဦးကို ခန့်အပ်ထားလျက်ရှိသည်။ ၂၀၂၀ခုနှစ် အောက်တိုဘာလတွင် စက်ပစ္စည်းထပ်ဆင့်ထုတ်လုပ်မှုလုပ်ငန်း၌ နည်းပညာအလုပ်သင်သင်တန်းသား ၁ ဦးက ဗီဇာပြောင်းခြင်း။ ထို့အပြင် နည်းပညာ၊ လူသားရေးရာ၊ နိုင်ငံတကာလုပ်ငန်းမှ ၄ ဦး ( နိုင်ငံသားမှာ ဗီယက်နမ်၊ မြန်မာ)၊ နည်းပညာ အလုပ်သင်သင်တန်းသား ၂ ဦး (နိုင်ငံသားမှာ ဗီယက်နမ်)။
၂၀၂၁ ခုနှစ် ဧပြီလတွင် နည်းပညာ၊ လူသားရေးရာ၊ နိုင်ငံတကာလုပ်ငန်းတွင် နောက်ထပ် ၂ ဦးလက်ခံရန် စီစဉ်ထားလျက်ရှိသည်။



နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များ၏ အလုပ် ： အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသား လူ့စွမ်းအားအရင်းအမြစ်များ၏ အလုပ်မှာ အခြားဝန်ထမ်းများနှင့်အတူ ထုတ်လုပ်ရေးကို အဓိကထားကာ လုပ်ကိုင်ရမည်။

## အလုပ်အကြောင်းအရာ

ခါတ်လှေကား ဒီဇိုင်းဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ပြင်ဆင်ခြင်း
ကိုးကား ： https://www.osawa-kk.co.jp/

ခါတ်လှေကား ထုတ်လုပ်ရေးတွင် ရှုပ်ထွေးလှသော လုပ်ငန်းစဉ်များ လိုအပ်ပြီး၊ ဂဟေဆက်ခြင်းနှင့် စက်ပစ္စည်းထပ်ဆင့်ထုတ်လုပ်မှုတွင်ပင် နည်းပညာများစွာ လိုအပ်သည်ဖြစ်၍၊ စွမ်းရည်ရှိပြီး အတွေ့ အကြုံ ၃ နှစ်ရှိပါက နည်းပညာ level မြင့်လာမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း နည်းပညာ အလုပ်သင်သင်တန်းသားများ ၃ နှစ်အကြာ၌ နိုင်ငံသို့ပြန်သွားခြင်းကို နှမြောသည်မှာ မှုလစိတ်ရင်းပင်ဖြစ်သည်။



# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ် လက်ခံရသည့် ရည်ရွယ်ချက်နှင့် အကြောင်းအရင်း

- နည်းပညာအလုပ်သင်သင်တန်းကာလ ၃နှစ်ကုန်ဆုံးပြီး၊ ဂျပန်ဘာသာအရည်အချင်းလည်း တိုးတက်လာကာ၊ ဂဟေဆက်ခြင်းနှင့် စက်ပစ္စည်းထပ်ဆင့်ထုတ်လုပ်မှု စသည့် နည်းပညာများလည်း ဂျပန်လူမျိုးဝန်ထမ်းများနှင့် ယှဉ်နိုင်နေစေကာမူ၊ မိမိနိုင်ငံသို့ မပြန်မဖြစ်ပြန်ရသည့် အခြေအနေဖြစ်ခဲ့သည်။ အလုပ်ခွင်မှာမူ အလွန်စိတ်မကောင်းစွာနှင့် ဝမ်းနည်းခဲ့ရပါသည်။





- ကာယကံရှင်၏ ရည်ရွယ်ချက်၊ လက်ခံရေးအလုပ်ခွင်၏ ရည်ရွယ်ချက်ကို နှစ်ဖက်စလုံး ကအတည်ပြုခဲ့ကြပြီး၊ ချက်ချင်းပြန်လည်အသုံးချနိုင်သော အင်အားတစ်ခုအဖြစ် ကုမ္ပဏီတွင်းတွင် ထပ်မံလုပ်ကိုင်ရန်အတွက် မျှော်လင့်နိုင်သော လူ့စွမ်းအားအရင်း အမြစ်ဖြစ်သည်ဟု သတ်မှတ်ကာ လက်ခံရန်ဆုံးဖြတ်ခဲ့သည်။

# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ် အလုပ်ခန့်ထားရေးနည်းလမ်း

- အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များအတွက် ကျွန်ုပ်တို့ ကုမ္ပဏီတွင် နည်းပညာအလုပ်သင်သင်တန်း အမှတ်စဉ် ၂ ပြီးဆုံးသူနှင့် အခြားကုမ္ပဏီမှ နည်းပညာအလုပ်သင်သင်တန်း အမှတ်စဉ် ၂ ပြီးဆုံးသူတို့ကို အလုပ်ခန့်ခဲ့သည်။ (မိမိနိုင်ငံသို့ တစ်ခေါက်ပြန်သွားပြီးနောက် ဂျပန်သို့ နောက်တစ်ကြိမ်ပြန်လာခြင်း)

- နည်းပညာအလုပ်သင်သင်တန်းသား လက်ခံချိန်တွင် ဂျပန်ဘာသာ ပြီးမြောက်မှု၊ ဂျပန်နိုင်ငံအတွင်း ဘဝနေထိုင်ပုံထိုင်နည်း လမ်းညွှန်နှင့်၊ လုပ်ငန်းဘက်တွင် တစ်မှစ၍ သင်ကြားရေးစသည် အမျိုးမျိုးသော ကြိုးစားအားထုတ်မှုနှင့် အချိန်များလိုပါသည်။

- သို့သော် အထူးကျွမ်းကျင်လုပ်သား အမှတ်စဉ် ၁ အတွက် အခြေခံအားဖြင့် နည်းပညာအလုပ်သင်သင်တန်း အမှတ်စဉ် ၂ ပြီးဆုံးသူကို လက်ခံရန်စဉ်းစားနေပြီး၊ ဂျပန်ဘာသာအရည်အချင်းအပါအဝင် ဂျပန်နိုင်ငံတွင် ဘဝနေထိုင်မှုစွမ်းရည်နှင့် နည်းပညာ ရှိနှင့်ပြီးသားဖြစ်၍၊ ဘဝနေထိုင်မှုအပိုင်း၊ လုပ်ငန်းအပိုင်းတွင် တစ်မှစ၍ သင်ကြားရန် မလိုအပ်ဘဲ၊ ကုမ္ပဏီသို့ဝင်ပြီးချိန်မှာပင် ချက်ချင်းပြန်လည်အသုံးချနိုင်သော အင်အားတစ်ခုအဖြစ် လှုပ်ရှားစေပါသည်။

# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များ လက်ခံခြင်းနှင့် အလုပ်တွင်တည်မြဲရေးကို တိုးမြှင့်ရန် ကြိုးပမ်းချက်များ

လိုအပ်သော ပံ့ပိုးမှုနှင့် လိုက်လံလုပ်ဆောင်ပေးမှုများ လုပ်ဆောင်နေသော်လည်း "နိုင်ငံခြားသားဖြစ်သောကြောင့်" ဆိုသည့်အကြောင်းပြချက်ဖြင့် အထူးတလည် ဆောင်ရွက်ခြင်းများ မပြုလုပ်ပါ။ ဂျပန်လူမျိုးဝန်ထမ်းများနှင့် အတူတူ စကားပြော၊ ဆက်ဆံပြီး၊ ကုမ္ပဏီတွင်း Event များတွင် ပါဝင်ဖလှယ်ခြင်းမှာ အရေးပါသည်ဟု တွေးထားပါသည်။ ရလဒ်အနေဖြင့် ထွက်ပြေးပျောက်ကွယ်ခြင်းနှင့် တစ်ဝက်တစ် ပျက်ဖြင့်နိုင်ငံသို့ပြန်ခြင်းများမရှိဘဲ၊ နည်းပညာအလုပ်သင်သင်တန်းမှ အထူးကျွမ်းကျင်လုပ်သားသို့ ကူးပြောင်းကာ၊ ဤကုမ္ပဏီ၌ဆက်လက် အလုပ်ဆင်းချင်သည်ဟု မျှော်မှန်းထားကြပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီအတွင်းတွင် နည်းပညာအလုပ်သင်သင်တန်းမှ အထူးကျွမ်းကျင်လုပ်သား အမှတ်စဉ် ၁ သို့ ကူးပြောင်းသွားသည့် သာဓကများပေါ်ပေါက်လာသောကြောင့် နည်းပညာအလုပ်သင် သင်တန်းသားများအတွက်လည်း နောက်ပိုင်းအတွက် အမြင်သစ်များ ပွင့်လင်းကာ၊ စိတ်အားထက်သန်လာပြီး၊ အလုပ်သင်သင်တန်းအပေါ် စိတ်ထားမှာ အကောင်းမြင်စိတ်ဖြစ်လာသည်။



# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များ လက်ခံခြင်းနှင့် အလုပ်တွင်တည်မြဲရေးကို တိုးမြှင့်ရန် ကြိုးပမ်းချက်များ

မှတ်ပုံတင်မှုကူညီထောက်ပံ့ရေးအေဂျင်စီများကို အသုံးမပြုဘဲ အားလုံးကို ကျွန်ုပ်တို့ကုမ္ပဏီမှ ပံ့ပိုးခြင်းဖြင့်၊ နည်းပညာ အလုပ်သင်သင်တန်းချိန်တွင် ပေါ်ထွက်လာသည့် ကြီးကြပ်ခ များ မကုန်တော့ဘဲ ၎င်းအစား ကာယကံရှင်အတွက် လစာ တိုးနိုင်လာခဲ့သည်။ နှစ်စဉ် လစာပြန်တွက်ခြင်းအရ လစာ တိုးခြင်းနှင့် ဘောနပ်များလည်း ပေးနေပါသည်။

အထူးကျွမ်းကျင်လုပ်သား အမှတ်စဉ် ၁ နိုင်ငံခြားသား ၁ ဦးအား တာဝန်ခံအနေဖြင့် ရာထူးပေးကာ နိုင်ငံခြားသား အလုပ်သမားများ၏ ခေါင်းဆောင်အဖြစ် လှုပ်ရှားစေပါ သည်။ တစ်ဖန် ရာထူးအလိုက် ခံစားခွင့်ကိုလည်း ဂျပန်လူမျိုးများနှင့်တန်းတူ ပေးနေပါသည်။

နိုင်ငံခြားသားဝန်ထမ်းများ ဂျပန်ဘာသာအရည်အချင်း တိုးတက်စေရန် ဗီယက်နမ်ရှိ ဂျပန်ဘာသာသင်ကြားရေး အေဂျင်စီနှင့် စာချုပ်ချုပ်ဆိုကာ၊ ZOOM ကိုအသုံးပြုပြီး ဝေးလံသောနေရာမှ သင်ကြားနိုင်သည့် ဂျပန်ဘာသာ အတန်းကို အကောင်အထည်ဖော်ခဲ့သည်။



# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များ လက်ခံခြင်းနှင့် အလုပ်တွင်တည်မြဲရေးကို တိုးမြှင့်ရန် ကြိုးပမ်းချက်များ



နည်းပညာ၊ လူသားရေးရာ၊ နိုင်ငံတကာလုပ်ငန်းတွင် အင်ဂျင်နီ ယာအနေဖြင့် လာရောက်လုပ်ကိုင်နေသော ဝန်ထမ်း ၁ဦးမှာ ယာဉ်မောင်းလိုင်စင် ရယူထားပြီး၊ အခြားအင်ဂျင်နီယာ၊ အထူး ကျွမ်းကျင်လုပ်သား အမှတ်စဉ် ၁ နိုင်ငံခြားသားများနှင့် နည်း ပညာအလုပ်သင်သင်တန်းသားများမှ ဆန္ဒရှိသူများကလည်း ဆိုင်ကယ်လိုင်စင် ရယူထားကြပြီဖြစ်သည်။ လိုင်စင်ရယူရန် ပံ့ပိုးခြင်း၊ ကားနှင့် ဆိုင်ကယ်ဝယ်ယူခြင်း၊ အာမခံဝင်ရန်လုပ်ထုံးများအတွက် ထောက်ပံ့မှုအသီးသီးကို လုပ်ဆောင်ပေးနေပါသည်။

တစ်ဖန် ဂျပန်လူမျိုးဝန်ထမ်းများနည်းတူ၊ ကားနှင့် ဆိုင်ကယ်စီးခြင်းကို ခွင့်ပြုပေးထားပြီး၊ သွားရေးလာရေး ခံစားခွင့်များကိုလည်း ပေးထားပါသည်။



ကုမ္ပဏီပျော်ပွဲရွှင်ပွဲများတွင် ဂျပန်လူမျိုးဝန်ထမ်းများနှင့် နိုင်ငံခြားသားဝန်ထမ်းများ ဖလှယ်မှုများကို ပိုမိုလုပ်ဆောင်ပေးနေပါသည်။ ယမန်နှစ်တွင် ကိုရိုနာကြောင့် ပျော်ပွဲရွှင်ပွဲကျင်းပရန် ခက်ခဲခဲ့သည့်အတွက်၊ ကုမ္ပဏီတွင်း seminar များ အကောင်အထည်ဖော်ကာ၊ အခြားလုပ်နည်းဖြင့် ဖလှယ်မှုများ ဆက်လက် လုပ်ဆောင်နေပါသည်။ (စကားပြန်နှင့် ဗီယက်နမ်ဘာသာ seminar စာရွက်စာတမ်းများ ပြင်ဆင်ထားခြင်း။)

# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသား လူ့စွမ်းအားအရင်းအမြစ် ကာယကံရှင်များ၏ အသံ

## Osawa စက်ရုံတွင် နည်းပညာအလုပ်သင်သင်တန်း အမှတ်စဉ် ၂ကို ပြီးဆုံးခဲ့သည့် D စံ

ရင်းနှီးကျွမ်းဝင်လာတဲ့ လုပ်ငန်းခွင်မှာ အလုပ်ဆက်လုပ်မယ်လို့ တွေးနေပါတယ်။ တစ်ခြားကုမ္ပဏီမှာ အလုပ်လုပ်ဖို့ မစဉ်းစားခဲ့ပါဘူး။ ဂျပန်လူမျိုးဝန်ထမ်းများကလည်း အားလုံးသဘောကောင်းပြီး ရင်းရင်းနှီးနှီး ဆက်ဆံပေးကြပါတယ်။

## မနှစ်က နည်းပညာအလုပ်သင်သင်တန်း အမှတ်စဉ် ၂ကို ပြီးဆုံးခဲ့ပြီး အထူးကျွမ်းကျင်လုပ်သား အမှတ်စဉ် ၁ သို့ ကူးပြောင်းခဲ့သည့် N စံ


အလုပ်နဲ့လည်း ရင်းနှီးကျွမ်းဝင်လာပြီး ဂျပန်နိုင်ငံနဲ့လည်း ရင်းနှီးကျွမ်းဝင်လာကာ ပျော်ပျော်ရွှင်ရွှင် နေထိုင်နေပါတယ်။ Osawa စက်ရုံက နိုင်ငံခြားသားဝန်ထမ်းများပြီး အလုပ်လုပ်ရလွယ်ကူတဲ့ ပတ်ဝန်းကျင်ဖြစ်ပါတယ်။

# Tottori Electronic Co., Ltd.

- တည်နေရာ ： ချူးဂိုခုဒေသ
- ဝန်ထမ်းအရေအတွက် ： ၅၀ဦး

နယ်ပယ်
လျှပ်စစ်နှင့် အီလက်ထရောနစ် သတင်း အချက်အလက် ဆက်စပ်ထုတ်လုပ်ရေး

နိုင်ငံခြားသား လက်ခံမှု အခြေအနေ(၂၀၂၀ခုနှစ် နိုဝင်ဘာလ လက်ရှိ) ：အထူးကျွမ်းကျင်လုပ်သား အမှတ်စဉ် ၁ မြန်မာလူမျိုး ၅ ဦးကို ခန့်အပ်ထားလျက်ရှိသည်
ထို့အပြင် နည်းပညာအလုပ်သင်သင်တန်းသား ၁၂ ဦး (အနက်မှ အထူးလှုပ်ရှားမှုဖြင့် ၃ဦး) (နိုင်ငံသားမှာ အားလုံး မြန်မာ)



နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များ၏ အလုပ် ：ပါဝင်လုပ်ကိုင်ရမည့်အလုပ်မှာ လျှပ်စစ်ပစ္စည်းများ စုစည်းဖန်တီးခြင်းဖြစ်သည်။

## အလုပ်အကြောင်းအရာ

Printed board စုစည်းဖန်တီးမှုကို အဓိကထားလုပ်ဆောင်နေပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီ ဘရန်းဖြစ်သော LED ထုတ်လုပ်ရောင်းချမှုကိုလည်း လုပ်ဆောင်နေပါသည်။







# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ် လက်ခံရသည့် ရည်ရွယ်ချက်နှင့် အကြောင်းအရင်း

- ယခင် နှစ် ၂၀ ကျော် ကတည်းက တရုတ်လူမျိုး နည်းပညာအလုပ်သင်သင်တန်းကို လက်ခံခဲ့သော်လည်း မြန်မာလူမျိုး အသိတစ်ယောက်မှာ စေလွှတ်ရေးအေဂျင်စီအဖြစ် ဆောင်ရွက်နေပြီး ၂၀၁၃ နှစ်လောက်မှစ၍ မြန်မာနည်းပညာအလုပ်သင်သင်တန်းသားများကို လက်ခံလျက်ရှိပါသည်။

- စတင်လက်ခံခဲ့စဉ်က ဝေဖန်မှုများခဲ့သော်လည်း နောက်ပိုင်းတွင် လျှပ်စစ်စက်မှုလုပ်ငန်းတွင် လူအင်အားမလုံလောက်သော ပြဿနာကို သိမြင်လာသောကြောင့် လက်ခံဖို့ဆုံးဖြတ်ခဲ့ပါသည်။ တကယ်တမ်း နည်းပညာအလုပ်သင်သင်တန်းသားများ လာခဲ့ချိန်မှာတော့ လုပ်ငန်းက အလွန်လျင်မြန်စွာ တိုးတက်ခဲ့ပါသည်။





# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ် အလုပ်ခန့်ထားရေးနည်းလမ်း

- အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ် မြန်မာလူမျိုး ၅ ဦးကို အလုပ်ခန့်ထားပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီတွင် နည်းပညာအလုပ်သင်သင်တန်း အမှတ်စဉ် ၂ ပြီးဆုံးချိန်တွင် ဗီဇာပြောင်းလဲမှု ပြုလုပ်ခဲ့သော ၃ ဦးနှင့်၊ လွန်ခဲ့သော ၂ နှစ်ခန့်က နည်းပညာအလုပ်သင်သင်တန်း အမှတ်စဉ် ၂ ကို ပြီးဆုံးပြီး၊ နိုင်ငံသို့ပြန်သွားသူကို အထူးကျွမ်းကျင်လုပ်သားစနစ် လုပ်ဆောင်နိုင်ခဲ့ခြင်းအရ ပြန်ခေါ်ခဲ့သူ ၂ ဦးရှိသည်။ အထူးကျွမ်းကျင်လုပ်သားများမှာ စွမ်းရည်မြင့်သော လုပ်ငန်းကိုလုပ်ဆောင်နေပြီး၊ ဂျပန်ဘာသာကိုလည်း နားလည်သောကြောင့် ဂျပန်လူမျိုးများနှင့် အတွေးတူညီစွာ လမ်းညွှန်နေကြပါသည်။ တစ်ဖန် နည်းပညာအလုပ်သင် သင်တန်းသားများကို လမ်းညွှန်သော ခေါင်းဆောင်အနေဖြင့် ပြုစုပျိုးထောင်နေပါသည်။

- ထို့အပြင် အခြားလုပ်ငန်းအမျိုးအစားများသို့ အလုပ်ပြောင်းသည့်အပိုင်းတွင်လည်း ထုတ်လုပ်ရေးလုပ်ငန်းတွင် အလုပ်လုပ်ရက်နှင့် အလုပ်ချိန်မှာ စည်းစနစ်ကျကာ အလုပ်လုပ်ရလွယ်ကူနိုင်ပုံရပါသည်။

- ကုန်ထုတ်လုပ်ရေးနယ်ပယ် အထူးကျွမ်းကျင်လုပ်သားအမှတ်စဉ် ၁ အကဲဖြတ်စာမေးပွဲ အောင်မြင်သူများကို အလုပ်ခန့်ရန် ကြိုးပမ်းနေပြီး၊ အနီးအနားရှိ ပလတ်စတစ် ဆက်စပ်လုပ်ငန်းမှ အထူးကျွမ်းကျင်လုပ်သားသို့ နေထိုင်ခွင့်ဗီဇာပြောင်းလိုသော မြန်မာလူမျိုးများကို မိတ်ဆက်လာခြင်းများရှိကာ "လျှပ်စစ်ပစ္စည်းများ စုစည်းဖန်တီးခြင်း"စာမေးပွဲပြင်ဆင်မှုကို ပိတ်ရက်တွင် ၃ ကြိမ်ခန့် အကောင် အထည်ဖော်ကာ၊ စာမေးပွဲရက်တွင် လိုက်ပါစောင့်ရှောက်ခဲ့သည်။

# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များ လက်ခံခြင်းနှင့် အလုပ်တွင်တည်မြဲရေးကို တိုးမြှင့်ရန် ကြိုးပမ်းချက်များ


အလုပ်ခန့်ပါက "အလုပ်လုပ်ခြင်းဖြင့် ပိုက်ဆံတင်သာ မဟုတ်ဘဲ၊ ဂျပန်ဘာသာကို မပျက်မကွက် မှတ်သားစေ လိုပါတယ်" ဟု ပြောကြားပေးနေပါသည်။ တစ်ဖန် ဂျပန်ဘာသာကိုလေ့လာရာတွင် ရည်မှန်းချက်ကြီးသောလူများက ၁ ပတ်လျှင် တစ်ကြိမ် ဒေသတွင်းဂျပန်ဘာသာ သင်တန်းကို တက်ရောက်နေသော်လည်း၊ ပိတ်ရက် ကိုယ်ပိုင်အချိန်ကို ဖဲ့ပြီး အတင်းအကျပ်မလုပ်စေဘဲ တစ်ဦးချင်းကို လွတ်လပ်ခွင့်ပေးထားပါသည်။ လေ့လာသည့်နှုန်းမှာ ကိုယ်ပိုင် အရည်အချင်းနှင့် ဆိုင်သည်ဆိုသော်လည်း၊ တစ်ဦးနှင့်တစ်ဦးမတူညီနိုင်ပါ။



# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များ လက်ခံခြင်းနှင့် အလုပ်တွင်တည်မြဲရေးကို တိုးမြှင့်ရန် ကြိုးပမ်းချက်များ

မှတ်ပုံတင်မှုကူညီထောက်ပံ့ရေးအေဂျင်စီများကို အခြားကုမ္ပဏီများတွင် တည်ထောင်ထားသော်လည်း၊ နိုင်ငံခြားသားများအား နှစ်ရှည် လက်ခံခဲ့သောကြောင့် သိသင့်သည်များ သိထားသည့်အတွက်၊ ကျွန်ုပ်တို့ကုမ္ပဏီ၏ အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များအား ပံ့ပိုးမှုအားလုံးကို ကုမ္ပဏီအတွင်းတွင် လုပ်ဆောင်ပေးလျက်ရှိပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနအတွက် လုပ်ထုံးလုပ်နည်းများကို အုပ်ချုပ်ရေး ဆိုင်ရာ တရားဝင်စာရွက်စာတမ်းလုပ်ဆောင်သူထံသို့ အပ်နှံလျက်ရှိပါသည်။

အလုပ်လက်စွဲစာအုပ်ကို မြန်မာဘာသာပြန်ပြီး ဓာတ်ပုံများစွာ ထည့်ကာဝေပေးနေပါသည်။



# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသား လူ့စွမ်းအားအရင်းအမြစ် ကာယကံရှင်များ၏ အသံ

**＜နည်းပညာအလုပ်သင်မှ အထူးကျွမ်းကျင်လုပ်သား ဖြစ်လာပုံနှင့် စပ်လျဉ်း၍＞**

- လစာတိုးလာလို့ ပျော်ခဲ့ရပါတယ်။
- ဂျပန်မှာ အလုပ်လုပ်နိုင်တဲ့ကာလက တိုးလာလို့ ဝမ်းသာရပါတယ်။

**＜Tottori Electronic Co., Ltd.တွင် အလုပ်လုပ်ရခြင်း၏ ကောင်းသည့်အချက်များ＞**

- လူတိုင်းက သဘောကောင်းကောင်းနဲ့ ဆက်ဆံပေးကြတယ်။
- မြန်မာလူမျိုး မိတ်ဆွေရှိလို့ အထီးကျန်ပေမယ့် ကြိုးစားနိုင်တယ်။
- ဂျပန်ဘာသာ လေ့လာနိုင်တယ်။

# Fuchu Tempearl Co., Ltd

- တည်နေရာ ： ချူးဂိုခုဒေသ
- ဝန်ထမ်းအရေအတွက် ： ၁၇၀ ဦး

နယ်ပယ်
လျှပ်စစ်နှင့် အီလက်ထရောနစ် သတင်း အချက်အလက် ဆက်စပ်ထုတ်လုပ်ရေး

နိုင်ငံခြားသား လက်ခံမှု အခြေအနေ(၂၀၂၀ခုနှစ် မတ်လ လက်ရှိ) ： အထူးကျွမ်းကျင်လုပ်သား အမှတ်စဉ် ၁ ဗီယက်နမ်လူမျိုး ၂ဦးကို ခန့်အပ်ထားလျက်ရှိသည်။
နည်းပညာအလုပ်သင်သင်တန်းသား ၂၄ ဦး (နိုင်ငံသားမှာ ဗီယက်နမ်၊ ကမ္ဘောဒီးယား)။



နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များ၏ အလုပ် ： လျှပ်စစ်ပစ္စည်းများ စုစည်းဖန်တီးခြင်းလုပ်ငန်းတွင် အပူပေးဆက်ခြင်း၊ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာစစ်ဆေးခြင်းစသည့် သတ်မှတ်နည်းပညာ လိုအပ်သော လုပ်ငန်းကိုလုပ်ဆောင်ခြင်း။

## အလုပ်အကြောင်းအရာ

ဖွင့် / ပိတ်ထိန်းချုပ်မှုကိရိယာများထုတ်လုပ်ခြင်း၊ လျှပ်စစ်ဘုတ်ခုံ ဒီဇိုင်းဖန်တီးခြင်း၊ ထုတ်လုပ်ခြင်း။





# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ် လက်ခံရသည့် ရည်ရွယ်ချက်နှင့် အကြောင်းအရင်း

- မည်သည့်နိုင်ငံသားပင် ဖြစ်စေကာမူ၊ တစ်ဖန် မည်သည့် နေထိုင်ခွင့်ဗီဇာပိုင်ထားစေကာမူ လူ့စွမ်းအားအရင်းအမြစ်ကို အမွေအနှစ်ဟုခံယူထားပြီး တစ်ဦးတစ်ယောက်ချင်း တိုးတက်မှုအတွက် မျှော်မှန်းကာ၊ နည်းပညာအလုပ်သင်သင်တန်းသား လက်ခံခြင်းကို ဆက်တိုက်လုပ်ဆောင်နေပါသည်။

- ရိုးရှင်းသောစီးပွားရေးလုပ်ငန်းမဟုတ်ဘဲ၊ အလွန်အမင်းမြင့်မားသောနည်းပညာနှင့် skill များမရှိလည်းလုပ်နိုင်သည့် အလယ်အလတ်ကျွမ်းကျင်မှုအလုပ်ကို လုပ်ဆောင်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များ မလုံလောက်ပါ။ နည်းပညာအလုပ်သင်သင်တန်းကို ဤကုမ္ပဏီတွင် ၃နှစ်တာ အတွေ့အကြုံရှိပြီး၊ ကောင်းမွန်သောဆက်ဆံရေးကို တည်ဆောက်နေသော နည်းပညာအလုပ်သင်သင်တန်းသားများကို အထူးကျွမ်းကျင်လုပ်သား အမှတ်စဉ် ၁အဖြစ် နောက်တစ်ကြိမ် လက်ခံချင်သည်ဟူသောအတွေးကို တွေးနေခဲ့ပါသည်။





# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ် အလုပ်ခန့်ထားရေးနည်းလမ်း

- ကျွန်ုပ်တို့ ကုမ္ပဏီတွင် နည်းပညာအလုပ်သင်သင်တန်း အမှတ်စဉ် ၂ ပြီးဆုံးသူကို အလုပ်ခန့်ခဲ့သည်(မိမိနိုင်ငံသို့ တစ်ခေါက်ပြန်သွားသူ ဂျပန်သို့ နောက်တစ်ကြိမ်ပြန်လာခြင်း)။ နည်းပညာအလုပ်သင်သင်တန်း ပြီးဆုံးသူများထဲမှ အထူးသဖြင့် ချက်ချင်းပြန်လည်အသုံးချနိုင်သော အင်အားတစ်ခုအဖြစ် မျှော်လင့်သော လူ့စွမ်းအားအရင်းအမြစ်များအတွက် အထူးကျွမ်းကျင်လုပ်သား အမှတ်စဉ် ၁သို့ နေထိုင်ခွင့်ဗီဇာပြောင်းလဲခြင်းကို လုပ်ဆောင်ပေးခဲ့သည်။

- တစ်ဖန် နည်းပညာအလုပ်သင် လက်ခံသည့်အချိန်တွင် စက်ရုံတွင် ကုမ္ပဏီဥက္ကဋ္ဌမှ မပျက်မကွက် အင်တာဗျူးကို လုပ်ဆောင်လျက်ရှိသည်။ လက်ခံမည်ဟု ဆုံးဖြတ်လိုက်သည့် နည်းပညာအလုပ်သင်သင်တန်းသားများအား အလုပ်လုပ်ခြင်းမှတစ်ဆင့် လူ့အဖွဲ့အစည်းကိုအထောက်အကူပြုသော ဝမ်းသာစိတ်နှင့် ယခုအချိန်ထိ ပြုစုပျိုးထောင်လာသော မိဘကို ကျေးဇူးတင်စိတ်ကို စစ်မှန်စွာ နားလည်စေရန်၊ ဗီယက်နမ်နိုင်ငံရှိ မိဘမဲ့ဂေဟာသို့ သွားရောက်စေလျက် ရှိသည်။



# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ် အလုပ်ခန့်ထားရေးနည်းလမ်း

- အထူးကျွမ်းကျင်လုပ်သား အမှတ်စဉ် ၁အဖြစ် လက်ခံရာတွင် ကာယကံရှင်၏ အုပ်ထိန်းသူထံ သွားရောက်တွေ့ဆုံပြီး၊ ကလေးမှာ ယခုမှစ၍ အများဆုံး ၅ နှစ်တာ ဂျပန်နိုင်ငံတွင် အလုပ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ရည်ရွယ်ချက် အတည်ပြုခြင်း၊ သဘောတူလက်ခံမှုရရှိရန် လုပ်ဆောင်နေပါသည်။



- မှတ်ပုံတင်မှုကူညီထောက်ပံ့ရေးအေဂျင်စီများကို အသုံးမပြုပါ။ နှစ်ပေါင်း ၂၀ ထက်မနည်း နည်းပညာအလုပ်သင်သင်တန်းသားများ လက်ခံခဲ့သည့် အတွေ့အကြုံအရ၊ နိုင်ငံခြားသားလက်ခံခြင်းနှင့် စပ်လျဉ်းသော သိသင့်သည်များကို သင့်တင်စွာ စုဆောင်းမိထားသောကြောင့်ဖြစ်သည်။



# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များ လက်ခံခြင်းနှင့် အလုပ်တွင်တည်မြဲရေးကို တိုးမြှင့်ရန် ကြိုးပမ်းချက်များ



ဒေသတွင်းသန့်ရှင်းရေးလှုပ်ရှားမှုနှင့် ပွဲတော်အတွင်း ပါဝင်ဆင်နွှဲမှု၊ ကုမ္ပဏီတွင်း event စီမံခြင်းနှင့် လုပ်ဆောင်ခြင်း စသည်၊ လုပ်ငန်းအတွင်းအပြင် လှုပ်ရှားမှုများတွင်လည်း အကောင်းမြင်စိတ်ဖြင့် ဆောင်ရွက်စေပါသည်။ အထူးသဖြင့် မွေးဖွားနှုန်းကျဆင်းလာခြင်းနှင့် သက်ကြီးရွယ်အိုတိုးပွားလာခြင်းကြောင့် ဒေသတွင်းပွဲတော်များမှာ ဆက်လက်ကျင်းပရန်ခက်ခဲနေသော်လည်း၊ မြို့မိမြို့ဖအသင်းအဖွဲ့များမှ ဆွေးနွေးမှုများကို ခံယူကာ၊ လွန်ခဲ့သော ၉နှစ်မှစ၍ အလုပ်သင်သင်တန်းသားများက ပါဝင်ဆင်နွှဲကာ၊ စိတ်လှုပ်ရှားဖွယ်ကောင်းလှပါသည်။






# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များ လက်ခံခြင်းနှင့် အလုပ်တွင်တည်မြဲရေးကို တိုးမြှင့်ရန် ကြိုးပမ်းချက်များ





ဂျပန်ဘာသာအရည်အချင်း တိုးတက်ရန် နှစ်စဉ် ဇူလိုင်လနှင့် ဒီဇင်ဘာလများတွင် ကျင်းပသော ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုသော နည်းပညာအလုပ်သင်သင်တန်းသား၊ အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များအတွက် စာမေးပွဲမစခင် ၃လအလိုမှ၊ N2, N3 စသည့် အတန်းခွဲကာ၊ တစ်ပတ်လျှင် ၂ ကြိမ်မှ ၃ ကြိမ် ဂျပန်ဘာသာ လေ့လာရေးသင်တန်းကို ဖွင့်ထားပေးသည်(အနီးအနားရှိအခြား ကုမ္ပဏီများတွင် လုပ်ကိုင်နေသော နည်းပညာအလုပ်သင်သင်တန်းသားများလည်း ဝင်ရောက်သင်ကြားနေသည်)။



ဂျပန်လူမျိုးဝန်ထမ်းများနည်းတူ လစာပေးချိန်တွင် အသေးစိတ်ဖော်ပြပြီး၊ ကုမ္ပဏီဥက္ကဋ္ဌမှ ကြိုးစားအားထုတ်မှု၏ခံစားချက်များကိုရေးသားထားသည့် မတ်ဆေ့ကို ဂျပန်ဘာသာ၊ မိခင်ဘာသာများဖြင့် ပေးပို့ကာ၊ ကျေးဇူးတင်ကြောင်း ပြောပါသည်။

# အထူးကျွမ်းကျင်လုပ်သား နိုင်ငံခြားသား လူ့စွမ်းအားအရင်းအမြစ်     ကာယကံရှင်များ၏ အသံ

ဂျပန်ရောက်ခါစကတော့ အခက်အခဲတွေပဲကြုံခဲ့ရပေမယ့်၊ အလုပ်လုပ်ပြီး ပိုမိုကြိုးစားလာကာ၊ မိသားစုကို ကူညီပေးနေတာကို သတိပြုနိုင်ခဲ့ပါတယ်။ အလုပ်မှာလည်း ကျွမ်းကျင်လာတဲ့ အခုအချိန်မှာ နောက်ထပ် ရည်မှန်းချက်များကတော့ ပိုကောင်းတဲ့ ထုတ်ကုန်ပစ္စည်းများကို မြန်မြန်ထုတ်လုပ်နိုင်ဖို့ဖြစ်ပါတယ်။

ဂျပန်လူမျိုးများ၏ တွေးပုံနှင့် manners၊ ဝန်ဆောင်မှုတို့ကို သင်ယူပြီး ဗီယက်နမ်ကို သယ်သွားချင်ပါတယ်။ ဂျပန်ကိုလာပြီး ကိုယ်ထင်ထားတဲ့ စွမ်းရည်ထက် ပိုတဲ့အလုပ်ကို လုပ်နိုင်လာကာ တိုးတက်လာတယ်လို့ ခံစားရပါတယ်။

経済産業省